**သဘောထားကြေညာချက် (၁/၂၀၁၅)**

အကြမ်းမဖက်တရားမျှတမှုပေါ် ပေါက်ရေး လှုပ်ရှားမှုကော်မတီ

(၁၃) ရက် ဇန်နဝါရီလ ၂၀၁၅

ယနေ့မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော နိုင်ငံရေးအကြပ်အတည်းများအပေါ် တုန့်ပြန်သည့်အနေဖြင့် လူငယ်အဖွဲ့အစည်းနှင့် လူငယ်ကွန်ရက် ကိုယ်စားလှယ်များက စုပေါင်း၍ အကြမ်းမဖက်တရားမျှတမှုပေါ် ပေါက်ရေး လှုပ်ရှားမှုကော်မတီကို ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံတွင်ကြုံတွေ့နေရသော အကြပ်အတည်းများအနက် ပညာရေးဥပဒေနှင့် လက်ပံတောင်းကြေးနီတူးဖော်ရေးစီမံကိန်းအပေါ် ပြည်သူများ၏ ကန့်ကွက်မှုများနှင့် ၎င်းကန့်ကွက်မှုများအပေါ် အကြမ်းဖက်ဖြေရှင်းမှုများနှင့် အုပ်ချုပ်ရေးအာဏာပိုင်များ၏ အကြမ်းဖက်လိုသည့် တာဝန်ယူမှုမရှိသော တုန့်ပြန်ပုံ များကြောင့် ဖြစ်ပေါ်လာသော တင်းမာမှုများသည် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် ငြိမ်းချမ်းစွာ ဖြစ်ပေါ်လာရေးကို ခြိမ်းခြောက်နေသည်ဟု မိမိတို့မှယုံကြည်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ် ထိရောက်မှုရှိစေရန်နှင့် ငြိမ်းချမ်းမှုရှိစေရန် ကော်မတီအနေဖြင့် ကြိုးစားသွားမည်ဖြစ်သည်။

မိမိတို့သည် ကျောင်းသားခေါင်းဆောင်များ အထူးသဖြင့် ပညာရေးဥပဒေအပေါ် ဆန့်ကျင်ဆန္ဒပြနေသော ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီ၊ အခြားအရပ်ဘက်လူထုအဖွဲ့အစည်းများ၊ ကွန်ရက်များ၊ ဖိုရမ်များ နီးကပ်သောဆက်ဆံမှုများထားရှိပြီး ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်ပြီး ပညာရေးဥပဒေအပေါ် ဆန့်ကျင်ဆန္ဒပြနေသော ကျောင်းသားများနှင့် တစ်သားတည်း ရပ်တည်လျက်ရှိပါသည်။

ပညာရေးဥပဒေနှင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေး အကြပ်အတည်းကိစ္စ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် နိုင်ငံတော် အစိုးရနှင့်လွှတ်တော်မှ ကျောင်းသားခေါင်းဆောင်များအပြင် အခြားပါဝင်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရေး ပြည်တွင်းရှိသက်ဆိုင်သူအားလုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဝိုင်းဝန်းတောင်းဆိုကြပါရန် ကော်မတီမှ တိုက်တွန်းပါသည်။

ထို့ပြင် ပညာရေးဥပဒေကို ဆန့်ကျင်သည့်လှုပ်ရှားမှုများအား အင်အားထပ်မံတိုးမြှင့်ရန် သပိတ်မှောက် ကျောင်းသားများမှ သတ်မှတ်ထားသော ရက် (၆၀) (၁၇ ရက် ဇန်နဝါရီ ၂၀၁၅ နောက်ဆုံး) မတိုင်မီ ဖြစ်စေ ရက် (၆၀) အလွန်တွင်ဖြစ်စေ ကျောင်းသားခေါင်းဆောင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင် များကြား အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှုများ ဖြစ်ပေါ်လာရန်အတွက် ကျောင်းသားများ၏ ငြိမ်းချမ်းသော တောင်းဆိုမှုများနှင့် လှုပ်ရှားမှုများကို သက်ဆိုင်သူပြည်သူနှင့် အဖွဲ့အစည်းများ အားလုံးအနေဖြင့် ဝိုင်းဝန်းပံ့ပိုးရန် ကော်မတီအနေဖြင့် တောင်းဆိုသည်။